# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မွန်ပြည်နယ်အစိုးရအဖွဲ့

# မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်း

# နည်းဥပဒေများ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မွန်ပြည်နယ်အစိုးရအဖွဲ့
## နည်းဥပဒေအမှတ် ၆/၂၀၁၅
## အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၅
## ၁၃၇၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ရက်
## (၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်)

မွန်ပြည်နယ်အစိုးရအဖွဲ့သည် ၂၀၁၄ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၃၊ မွန်ပြည်နယ်ဆေးနှင့်ဆေးထွက်ပစ္စည်းဥပဒေပုဒ်မ-၃၀၊ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

### အခန်း(၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို မွန်ပြည်နယ်ဆေးနှင့်ဆေးထွက်ပစ္စည်းနည်းဥပဒေများဟု ခေါ်တွင်စေရမည်၊

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မွန်ပြည်နယ်ဆေးနှင့်ဆေးထွက်ပစ္စည်းဥပဒေတွင် ပါရှိသော စကားရပ်များအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့အပြင် အောက်ပါစကားရပ်များသည်လည်း ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) ဥပဒေဆိုသည်မှာ မွန်ပြည်နယ်ဆေးနှင့်ဆေးထွက်ပစ္စည်းဥပဒေကို ဆိုသည်၊

(ခ) နည်းဥပဒေဆိုသည်မှာ ဤမွန်ပြည်နယ်ဆေးနှင့်ဆေးထွက်ပစ္စည်းနည်းဥပဒေများကို ဆိုသည်၊

(ဂ) လိုင်စင်ရရှိသူဆိုသည်မှာ ဆေး သို့မဟုတ် ဆေးထွက်ပစ္စည်းများကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခွင့်ပြုကြောင်း ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ပြည်နယ်ဆေးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးက ထုတ်ပေးသည့် ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း သို့မဟုတ် ဌာနကို ဆိုသည်၊

(ဃ) ပုံစံဆိုသည်မှာ ဤနည်းဥပဒေများတွင် သတ်မှတ်ထားသည့် ပုံစံများကို ဆိုသည်၊

(င) စံချိန်စံညွှန်းဆိုသည်မှာ စက်မှုလုပ်ငန်းသုံးဆေး၊ အိုင်အိုဒင်းဆားနှင့် ဆေးထွက်ပစ္စည်းများတွင် ပါဝင်ရမည့် ဆိုဒီယမ်ကလိုရိုဒ်နှင့် အခြားဓါတ်ဆားများ၏ ရာခိုင်နှုန်းသတ်မှတ်ချက်ကို ဆိုသည်၊

(စ) အိုင်အိုဒင်းဆားဆိုသည်မှာ စားသုံးရန် ဆားတွင် စံချိန်စံညွှန်းနှင့်အညီ အိုင်အိုဒင်းအာဟာရဖြည့်စွက်ထားသည့် ဆားကို ဆိုသည်၊

(ဆ) လုပ်ငန်းဆိုသည်မှာ ဆား၊ အိုင်အိုဒင်းဆားနှင့်ဆားထွက်ပစ္စည်းများကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း လုပ်ကိုင်သည့် လုပ်ငန်းကို ဆိုသည်၊

၃။ ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဤနည်းဥပဒေအရ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေ၏ ရည်ရွယ်ချက်များနှင့်အညီ အလေးဂရုပြုဆောင်ရွက်ရမည်။

## အခန်း(၂)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အစိုးရအဖွဲ့သည် ပြည်နယ်ဆားလုပ်ငန်းကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ဝန်ကြီး ဥက္ကဋ္ဌ
သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ပြည်နယ်အစိုးရအဖွဲ့

(ခ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊

(ဂ) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(ဃ) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန

(င) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(စ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(ဆ) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

(ဇ) ပစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

(စ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ပြည်နယ်စည်ပင်သာယာရေးအဖွဲ့

(ဆ) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

(ဇ) ပြည်နယ်ဦးစီးဌာနမှူး အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ၊ ပြည်နယ်ဆားလုပ်ငန်းရုံး

၅။ အစိုးရအဖွဲ့သည် ဥပဒေပုဒ်မ ၄၊ နည်းဥပဒေ ၄ အရ ဖွဲ့စည်းထားသော ကော်မတီကို ဝန်ကြီး၏ တင်ပြချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၃)
## ကော်မတီ၏ တာဝန်များ

၆။ ကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥပဒေပါ ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ကြီးကြပ်ကွက်ကဲခြင်း၊

(ခ) ဆားနှင့်ဆားထွက်ပစ္စည်း၏ စံချိန်စံညွှန်းကို စစ်ဆေးစေခြင်း၊

(ဂ) စံချိန်စံညွှန်းမမီသော ဆားနှင့်ဆားထွက်ပစ္စည်းများ စစ်ဆေးတွေ့ရှိပါက လုပ်ငန်းရှင်များအား နည်းပညာရပ်များ ဖြန့်ဖြူးပေးခြင်း၊

(ဃ) လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ကြီးကြပ်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ စစ်ဆေးစေခြင်း၊

(င) လိုင်စင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ လိုင်စင်သက်တမ်းသတ်မှတ်ခြင်း၊ လိုင်စင်သက်တမ်း တိုးခြင်း၊

(စ) လိုင်စင်ရရှိသူက လိုင်စင်သက်တမ်းတိုးရန် လျှောက်ထားသည့်ကိစ္စ၊ အမည်ပြောင်းလျှောက်ထား သည့်ကိစ္စတွင် အငြင်းပွားမှုရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းပေးခြင်း၊

(ဆ) လိုင်စင်စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(ဇ) ဆားထုတ်လုပ်မှုနည်းပညာအကူအညီရရှိရေးအတွက် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ကျွမ်းကျင်သူ များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဈ) လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခနှင့် ရက်လွန်ဒဏ်ကြေးသတ်မှတ်ခြင်း၊

(ည) ဆားထုတ်လုပ်မှုကြီးကြပ်ခြင်း၊ ကူညီပေးခြင်းများ ဆောင်ရွက်နိုင်ရန် ဥပဒေပုဒ်မ ၁၅၊ နည်းဥပဒေ ၂၅ အရ ကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးခြင်း၊

(ဋ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုကြုံတွေ့ရ၍ လိုင်စင်ခသက်သာခွင့်၊ ကင်းလွတ်ခွင့်ပြု ရန် လိုင်စင်ရရှိသူက လျှောက်ထားပါလျှင် စိစစ်ပြီး လိုင်စင်ခသက်သာခွင့်၊ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဌ) ကော်မတီသည် စီးပွားဖြစ်လုပ်ငန်း သို့မဟုတ် မိသားစုစားသုံးရန် ထုတ်လုပ်ခြင်းများအတွက် ဆားထုတ်လုပ်မှုပမာဏကို သတ်မှတ်ပေးခြင်း။

## အခန်း(၄)
## လိုင်စင်လျှောက်ထားခြင်း

၇။ ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို စီးပွားဖြစ်ထုတ်လုပ်လိုသူသည် ပြည်နယ်ဆားလုပ်ငန်းရုံး မှတစ်ဆင့် ကော်မတီထံသို့ ထုတ်လုပ်လိုသည့်လုပ်ငန်းအမျိုးအစားအလိုက် ဖော်ပြထားသော သတ်မှတ်ပုံစံဖြင့် ပြည့်စုံစွာ ဖြည့်စွက်ပြီး အောက်ပါတို့ကို ပူးတွဲတင်ပြလျှောက်ထားရမည်-

(က) လုပ်ငန်းလုပ်ကိုင်သည့်နေရာအတွက် သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီး ဌာနမှ ထုတ်ပေးသည့် မြေစာရင်းမြေပုံ၊

(ခ) လုပ်ငန်းလုပ်ကိုင်သည့် မြေနေရာပိုင်ဆိုင်ကြောင်း သို့မဟုတ် ယင်းမြေနေရာတွင် လုပ်ကိုင်ခွင့် ရှိကြောင်း အထောက်အထား၊

(ဂ) ဆားကြိတ်ခွဲထုတ်လုပ်သည့် စက်ရုံအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ လိုင်စင်မိတ္တူ၊

(ဃ) ကော်မတီမှ သတ်မှတ်သည့် လိုင်စင်ခ၊ ရက်လွန်ကြေးနှင့် ဒဏ်ကြေးအား သတ်မှတ်ကာလ အတွင်း ပေးသွင်းမည့် ဝန်ခံချက်၊

| | | |
|---|---|---|
| (၁) | ဆားထုတ်လုပ်ခွင့်လျှောက်လွှာ | ပုံစံ(၁) |
| (၂) | ဆားနှင့်စားပွဲတင်ဆားကြိတ်ခွဲထုတ်လုပ်ခွင့်လျှောက်လွှာ | ပုံစံ(၂) |
| (၃) | အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်လျှောက်လွှာ | ပုံစံ(၃) |
| (၄) | ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လျှောက်လွှာ | ပုံစံ(၄) |

၈။ ပြည်နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၇ပါ လျှောက်လွှာများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပြီး သဘောထားဖော်ပြချက်ဖြင့် ကော်မတီမှ ဆုံးဖြတ်နိုင်ရန် တင်ပြရမည်။

၉။ ကော်မတီသည် နည်းဥပဒေ ၈အရ စိစစ်တင်ပြလာသော လိုင်စင်လျှောက်ထားခြင်းကို ခွင့်ပြုနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။

၁၀။ ကော်မတီ၏ ဆုံးဖြတ်ချက်အရ ပြည်နယ်ဦးစီးဌာနမှူးသည် ထုတ်လုပ်ခွင့်လိုင်စင်ကို အောက်ဖော်ပြပါ သတ်မှတ်ပုံစံဖြင့် ထုတ်ပေးရမည်-

(က) ဆားထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၅)

(ခ) ဆားနှင့်စားပွဲတင်ဆားကြိတ်ခွဲထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၆)

(ဂ) အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်လိုင်စင် ပုံစံ(၇)

၁၁။ လိုင်စင်ရရှိသူသည် လိုင်စင်သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း(၃၀) ကြိုတင်၍ ပြည်နယ်ဆားလုပ်ငန်းရုံးမှတစ်ဆင့် ကော်မတီထံ လိုင်စင်သက်တမ်းတိုး သို့မဟုတ် လိုင်စင်အမည်ပြောင်းလျှောက်ထားရမည်။ ယင်းသို့ လိုင်စင်သက်တမ်းတိုး သို့မဟုတ် လိုင်စင်အမည်ပြောင်းလျှောက်ထားရာတွင် လိုင်စင်သက်တမ်းတိုးမြှင့်ခ သို့မဟုတ် ရက်လွန်ဒဏ်ကြေးပေးသွင်းငွေနှင့်အတူ လိုင်စင်အဟောင်းအား ပြန်လည်တင်ပြရမည်။

၁၂။ ပြည်နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၁၁ပါလျှောက်လွှာများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိမရှိစိစစ်ပြီး ကွင်းဆင်းစစ်ဆေးတင်ပြရန် ကြီးကြပ်စစ်ဆေးရေးအဖွဲ့ထံ ပေးပို့ရမည်။ ကြီးကြပ် စစ်ဆေးရေးအဖွဲ့သည် ကွင်းဆင်းစစ်ဆေးပြီး သဘောထားဖော်ပြချက်ဖြင့် ကော်မတီမှ ဆုံးဖြတ်နိုင်ရန် ပြန်လည် တင်ပြရမည်။

၁၃။ ကော်မတီသည် နည်းဥပဒေ ၁၁အရ လိုင်စင်သက်တမ်းတိုး သို့မဟုတ် လိုင်စင်အမည်ပြောင်း လျှောက်ထားပြီး နည်းဥပဒေ ၁၂ အရ စိစစ်တင်ပြလာခြင်းကို လိုင်စင်သက်တမ်းတိုး သို့မဟုတ် လိုင်စင်အမည်ပြောင်းခွင့်ပြုနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။

၁၄။ ကော်မတီသည် လိုင်စင်သက်တမ်းတိုးလျှောက်ထားသည့်ကိစ္စ၊ လိုင်စင်အမည်ပြောင်းလျှောက်ထားသည့် ကိစ္စတွင် အငြင်းပွားမှုပေါ်ပေါက်လာပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အငြင်းပွားမှုဖြစ်ပေါ်လာသည့်လုပ်ငန်းကို ကြီးကြပ်စစ်ဆေးရေးအဖွဲ့အား စစ်ဆေးစေခြင်း၊

(ခ) ကြီးကြပ်စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ အကြံပြုချက်နှင့် ပြည်နယ်ဦးစီး ဌာနမှူး၏ အစီရင်ခံစာအရ-

(၁) ဆားထုတ်လုပ်မှုမထိခိုက်စေရန်အတွက် လိုင်စင်ရရှိသူသို့မဟုတ် လက်ရှိလုပ်ကိုင်နေသူကို ဆားထုတ်လုပ်မှု တစ်ရာသီ သို့မဟုတ် သတ်မှတ်သည့်ကာလအတွင်း ယာယီ ထုတ်လုပ်ခွင့်ပြုခြင်း၊

(၂) နည်းဥပဒေခွဲ(ခ) (၁)အရ ဆားထုတ်လုပ်မှု တစ်ရာသီ သို့မဟုတ် သတ်မှတ်သည့်ကာလ ကုန်ဆုံးသည်နှင့် ယာယီထုတ်လုပ်ခွင့်ရသူအား လိုင်စင်အသစ်ရရှိသူထံသို့ လုပ်ငန်း လွှဲအပ်စေခြင်း၊

(၃) ဆားထုတ်လုပ်ခွင့်လိုင်စင်အဟောင်းကို ပယ်ဖျက်ပြီး လိုင်စင်အသစ်ခွင့်ပြုခြင်း။

၁၅။ လိုင်စင်ရရှိသူသည် သဘာဝဘေးအန္တရာယ်ကြောင့် လုပ်ငန်းပျက်စီးဆုံးရှုံးမှုကြုံတွေ့ပါက လိုင်စင်ခ သက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပြုရန် ပြည်နယ်ဆားလုပ်ငန်းရုံးမှတစ်ဆင့် ကော်မတီသို့ ပုံစံ(၈)ဖြင့် လျှောက်ထားရမည်။

၁၆။ ပြည်နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၁၅ပါ လျှောက်လွှာများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ပြီး ကွင်းဆင်းစစ်ဆေးတင်ပြရန် ကြီးကြပ်စစ်ဆေးရေးအဖွဲ့ထံ ပေးပို့ရမည်။ ကြီးကြပ် စစ်ဆေးရေးအဖွဲ့သည် ကွင်းဆင်းစစ်ဆေးပြီး သဘောထားမှတ်ချက်ဖြင့် ကော်မတီမှ ဆုံးဖြတ်နိုင်ရန် ပြန်လည် တင်ပြရမည်။

၁၇။ ကော်မတီသည် နည်းဥပဒေ ၁၅ အရ လျှောက်ထားပြီး နည်းဥပဒေ ၁၆ အရ စိစစ်တင်ပြလာခြင်းကို လိုင်စင်ခသက်သာခွင့် သို့မဟုတ် ကင်းလွတ်ခွင့်ပြုနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။

၁၈။ လိုင်စင်ရရှိသူသည် လုပ်ငန်းရပ်နားလိုပါက ခိုင်လုံသောအကြောင်းပြချက်ဖော်ပြ၍ ပြည်နယ်ဆားလုပ်ငန်းရုံးမှတစ်ဆင့် ကော်မတီသို့ ပုံစံ(၁၀)ဖြင့် တင်ပြရမည်။

၁၉။ ပြည်နယ်ဦးစီးဌာနမှူးသည် နည်းဥပဒေ ၁၈ပါ တင်ပြလွှာများနှင့်စပ်လျဉ်း၍ စိစစ်ပြီး ကွင်းဆင်းစစ်ဆေး တင်ပြရန် ကြီးကြပ်စစ်ဆေးရေးအဖွဲ့ထံ ပေးပို့ရမည်။ ကြီးကြပ်စစ်ဆေးရေးအဖွဲ့သည် ကွင်းဆင်းစစ်ဆေးပြီး သဘောထားဖော်ပြချက်ဖြင့် ကော်မတီမှ ဆုံးဖြတ်နိုင်ရန် ပြန်လည်တင်ပြရမည်။

၂၀။ ကော်မတီသည် နည်းဥပဒေ ၁၈ အရ လုပ်ငန်းရပ်နားလိုကြောင်း တင်ပြပြီး နည်းဥပဒေ ၁၉ အရ စိစစ်တင်ပြလာခြင်းကို လိုင်စင်ရရှိသူက လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များပါဝင်သည့် ညွှန်ကြားချက်များဖြင့် ဆုံးဖြတ်နိုင်သည်။

၂၁။ မိသားစုစားသုံးရန် ဆားထုတ်လုပ်ခြင်းအတွက် လိုင်စင်ရယူခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

## အခန်း(၅)
## လိုင်စင်ရရှိသူ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၂။ လိုင်စင်ရရှိသူသည် ကော်မတီမှ သတ်မှတ်ထားသော အောက်ပါအခွန်အခများကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပြည်နယ်ဆားလုပ်ငန်းရုံးသို့ ပေးသွင်းရမည်-

(က) လိုင်စင်ခ၊

(ခ) လိုင်စင်သက်တမ်းတိုးမြှင့်ခ၊

(ဂ) ရက်လွန်ဒဏ်ကြေး။

၂၃။ လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ပြည်နယ်ဆားလုပ်ငန်းရုံးက ထုတ်ပြန်သည့် ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်၊

(ခ) စားသုံးရန် အလို့ငှာ ထုတ်လုပ်သော ဆားများတွင် အိုင်အိုဒင်းအာဟာရအား သတ်မှတ်ချက်နှင့်အညီ ဖြည့်စွက်ရမည်၊

(ဂ) ထုတ်လုပ်မှုစာရင်းဇယားများကို သတ်မှတ်ချက်နှင့်အညီ ထားရှိရမည်၊

(ဃ) ပြည်နယ်ဆားလုပ်ငန်းရုံးနှင့် ကြီးကြပ်စစ်ဆေးရေးအဖွဲ့က တောင်းခံသော လုပ်ငန်းစာရင်းဇယားများကို တင်ပြရမည်၊

(င) ကြီးကြပ်စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကို ခံယူရမည်၊

(စ) သတ်မှတ်ထားသည့် စံချိန်စံညွှန်းအတိုင်း ထုတ်လုပ်ရမည်၊

(ဆ) လုပ်ငန်းရပ်နားလိုပါက ခိုင်လုံသော အကြောင်းပြချက် ဖော်ပြ၍ ကော်မတီသို့ ပြည်နယ်ဆားလုပ်ငန်းရုံးမှတစ်ဆင့် တင်ပြရမည်။

၂၄။ လိုင်စင်ရရှိသူ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ထုတ်လုပ်သော ဆားနှင့်ဆားထွက်ပစ္စည်းအား လွတ်လပ်စွာ ရောင်းချနိုင်ခွင့်ရှိခြင်း၊

(ခ) ဆားနှင့် ဆားထွက်ပစ္စည်း အရည်အသွေးကောင်းမွန်ရေးအတွက် ပြည်နယ်ဆားလုပ်ငန်းရုံးမှ နည်းလမ်းနှင့် နည်းပညာများရယူနိုင်ခြင်း၊

(ဂ) ဆားနှင့်ဆားထွက်ပစ္စည်းအား ဥပဒေနှင့်အညီ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခွင့်ရှိခြင်း၊

(ဃ) ဆားထုတ်မြေကို ဥပဒေနှင့်အညီ အမွေဆက်ခံခွင့်၊ လွှဲပြောင်းခွင့်၊ ပေါင်နှံခွင့်၊ ရောင်းချခွင့်ရှိခြင်း၊

(င) အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် လိုအပ်သော အရင်းအနှီးအား ဘဏ်မှ ချေးယူခွင့်ရှိခြင်း၊

(စ) လိုင်စင်သက်တမ်းတိုးလျှောက်ထားခွင့်ရှိခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုကြုံတွေ့ရပါက လိုင်စင်ခသက်သာခွင့်၊ ကင်းလွတ်ခွင့်ပြုရန် လျှောက်ထားခွင့်ရှိခြင်း။

## အခန်း(၆)

## ကြီးကြပ်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်များ

၂၅။ ကော်မတီသည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကြီးကြပ်စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်-

| | | |
|---|---|---|
| (က) | ပြည်နယ်ဆားလုပ်ငန်းရုံးမှ ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ခေါင်းဆောင် |
| (ခ) | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (ဂ) | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်ဆားလုပ်ငန်းရှင်အသင်းမှကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (င) | လိုင်စင်ရ ဆားထုတ်လုပ်သူကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (စ) | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |

၂၆။ ကြီးကြပ်စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့နယ်အတွင်းရှိ ဆား သို့မဟုတ် ဆားထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများ၏ စာရင်းဇယားများကို ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊

(ခ) လိုင်စင်ပါ ထုတ်လုပ်ကေနှင့်အညီ ထုတ်လုပ်မှု ရှိ၊ မရှိ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊

(ဂ) ဆား သို့မဟုတ် ဆားထွက်ပစ္စည်းနမူနာရယူခြင်း၊ လိုအပ်ပါက ဓါတ်ခွဲစစ်ဆေးနိုင်ရန် တင်ပြခြင်း၊

(ဃ) လိုင်စင်ပါစည်းကမ်းများအား လိုက်နာမှု ရှိ၊ မရှိ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊

(င) ဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်အား ဖောက်ဖျက်မှု ရှိ၊ မရှိ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊

(စ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို ပြည်နယ်ဆားလုပ်ငန်းရုံးမှတစ်ဆင့် က ော်မတီသို့ တင်ပြအစီရင်ခံခြင်း၊

(ဆ) ဆေးထုတ်မြေအား အခြားနည်းလမ်းဖြင့် အသုံးပြုမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ဇ) လိုင်စင်လျှောက်ထားခြင်း၊ လိုင်စင်အသစ်ထုတ်ပေးခြင်း ၊ လိုင်စင်သက်တမ်းတိုးခြင်း၊ လိုင်စင်အမည်ပြောင်းခြင်း၊ လိုင်စင်အငြင်းပွားခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် လိုင်စင်ခကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားခြင်း၊ လုပ်ငန်းရပ်နားလိုကြောင်း တင်ပြခြင်းတို့နှင့်စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးပြီးသဘောထားဖော်ပြချက်ဖြင့် ကော်မတီမှဆုံးဖြတ်နိုင်ရန် ပြည်နယ်ဆေးလုပ်ငန်းရုံးမှတစ်ဆင့် ပြန်လည်တင်ပြခြင်း၊

(ဈ) စားသုံးရန်အလို့ငှာ ထုတ်လုပ်သော ဆေးများတွင် အိုင်အိုဒင်းအာဟာရအား သတ်မှတ်ချက်နှင့်အညီ ဖြည့်စွက်ထားမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ စားသုံးရန်အလို့ငှာ ထုတ်လုပ်သော ဆေးများတွင် အိုင်အိုဒင်းအာဟာရအား သတ်မှတ်ချက်နှင့်အညီ ဖြည့်စွက်ရန် ပျက်ကွက်သူအား အရေးယူရန် ကော်မတီသို့ တင်ပြခြင်း။

၂၇။ ကြီးကြပ်စစ်ဆေးရေးအဖွဲ့သည် နည်းဥပဒေ ၂၆၊ နည်းဥပဒေခွဲ (ဈ)ပါ အချက်အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စားသုံးရန်အလို့ငှာ ထုတ်လုပ်သော ဆေးများတွင် အိုင်အိုဒင်းအာဟာရအား သတ်မှတ်ချက်နှင့်အညီ ဖြည့်စွက်ထားမှုမရှိသော ဆေးများကို စစ်ဆေးတွေ့ရှိကပ ါ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လက်လီဆိုင်ဖြစ်ပါက အိုင်အိုဒင်းအာဟာရအား သတ်မှတ်မှတ်နှင့်အညီ ဖြည့်စွက်ထားမှု မရှိသောဆေးများကို ဖယ်ရှားစေပြီး အိုင်အိုဒင်းအာဟာရအား သတ်မှတ်ချက်နှင့်အညီ ဖြည့်စွက်ထားသောဆေးများကိုသာ ရောင်းချရန် အသိပေးညွှန်ကြားရမည်၊

(ခ) လက္ကားဆိုင် သို့မဟုတ် လက္ကားကုန်သည် သို့မဟုတ် လိုင်စင်ရရှိသူဖြစ်ပါက အိုင်အိုဒင်းအာဟာရအား သတ်မှတ်ချက်နှင့်အညီ ဖြည့်စွက်ထားမှုမရှိသော ဆေးများကို ဖယ်ရှားစေပြီး အိုင်အိုဒင်းအာဟာရအား သတ်မှတ်ချက်နှင့်အညီ ဖြည့်စွက်ထားသောဆေးများကိုသာ ရောင်းချရန် သို့မဟုတ်ထုတ်လုပ်ရန် ကာလသတ်မှတ်ချက်ဖြင့် ညွှန်ကြားရမည်၊ ယင်းညွှန်ကြားချက်ပါ သတ်မှတ်ကာလအတွင်း လက္ကားဆိုင် သို့မဟုတ် လက္ကားကုန်သည် သို့မဟုတ် လိုင်စင်ရရှိသူက ယင်းညွှန်ကြားချက်အတိုင်း လိုက်နာရန် ပျက်ကွက်ပါက ယင်းအိုင်အိုဒင်းအာဟာရဖြည့်စွက်ထားမှုမရှိသော ဆေးများအား သိမ်းဆည်းပြီး ဥပဒေအရ အရေးယူခြင်း၊ စီမံခန့်ခွဲခြင်းပြုလုပ်နိုင်ရန်ပြည်နယ်ဆေးလုပ်ငန်းရုံးမှတစ်ဆင့် ကော်မတီထံသို့ အစီရင်ခံ တင်ပြရမည်။

## အခန်း(၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၈။ ကော်မတီသည် ကြီးကြပ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အရ ဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အားဖောက်ဖျက်ကြောင်းတွေ့ရှိပါက အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်နိုင်သည်-

(က) လိုင်စင်အား ကာလကန့်သတ်ချက်ဖြင့် ရပ်ဆိုင်းခြင်း၊ လိုင်စင်ပယ်ဖျက်ခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေပြီး ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း။

၂၉။ ကော်မတီသည် စားသုံးရန်အလို့ငှာ ဖြန့်ဖြူးရောင်းချသော ဆေးများတွင် အိုင်အိုဒင်းအာဟာရအားသတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ ဖြည့်စွက်ရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ဖြန့်ဖြူးရောင်းချသော ဆေး

နှင့်ဆားထွက်ပစ္စည်းများကို သိမ်းဆည်းနိုင်သည်။

၃၀။ နည်းဥပဒေ ၂၉အရ သိမ်းဆည်းသောဆားနှင့်ဆားထွက်ပစ္စည်းများကို ကော်မတီသည် အောက်ပါအတိုင်း စီမံခန့်ခွဲနိုင်သည်-

(က) အယူခံကာလကုန်ဆုံးလျှင် သိမ်းဆည်းထားသော ဆားတွင် အိုင်အိုဒင်းအာဟာရအား သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်အညီ ဖြည့်စွက်ပြီး လေလံတင်ရောင်းချရန်၊ လေလံတင်ရောင်းချရငွေအား အိုင်အိုဒင်းအာဟာရဖြည့်စွက်သည့် ကုန်ကျငွေနှင့် လေလံကုန်ကျစရိတ်ကို နုတ်ပြီး ကျန်ငွေအား ပြည်နယ်ဆားလုပ်ငန်းရုံးငွေစာရင်းသို့ ပေးသွင်းရန်ပြည်နယ်ဆားလုပ်ငန်းရုံးအား ညွှန်ကြားရမည်၊

(ခ) အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း(၈)
## အယူခံခြင်း

၃၁။ နည်းဥပဒေ ၂၈၊ ၂၉အရ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အား ကျေနပ်မှုမရှိပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း အစိုးရအဖွဲ့ထံ အယူခံနိုင်သည်။

၃၂။ အစိုးရအဖွဲ့သည် ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) အတည်ပြုခြင်း၊

(ခ) ပြင်ဆင်ခြင်း၊

(ဂ) ပြန်လည်စစ်ဆေးစေခြင်း။

၃၃။ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၉)
## အထွေထွေ

၃၄။ အစိုးရအဖွဲ့သည် လိုင်စင်ရဆားထုတ်လုပ်သူများ ဆားထုတ်လုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရန်၊ လိုအပ်သော အရင်းအနှီးများရရှိနိုင်ရေး စီစဉ်ဆောင်ရွက်နိုင်သည်။

၃၅။ အစိုးအရအဖွဲ့သည် ပြည်နယ်အတွင်း ဆားထုတ်လုပ်မှုကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့သော ဆားကွင်းများအား ဆားထုတ်လုပ်ခွင့်လိုင်စင်ထုတ်ပေးရေးအတွက် ဆားထုတ်မြေအဖြစ် ပြောင်းလဲသတ်မှတ်ပေးနိုင်သည်။

၃၆။ လိုင်စင်ရဆားထုတ်လုပ်သူသည် အရည်အသွေးမြင့်ဆားနှင့်ဆားထွက်ပစ္စည်းထုတ်လုပ်နိုင်ရန် ကော်မတီမှတစ်ဆင့် အစိုးရအဖွဲ့ထံတင်ပြ၍ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

၃၇။ ပြည်နယ်ဦးစီးဌာနမှူးသည် လိုင်စင်ခကြွေးကျန်များ၊ ဒဏ်ကြေးငွေများအား မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ယင်းသို့ ကောက်ခံရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လိုင်စင်ရ ဆားထုတ်လုပ်သူ၏ လိုင်စင်ခကြွေးကျန်များ၊ ဒဏ်ကြေးငွေများအာ ပေးသွင်းရန် ပျက်ကွက်ခဲ့သည့် အကြောင်းရင်းကိုဖော်ပြ၍ မြေခွန်မပြေကျန်ငွေအရ ကောက်ခံမှုကဲ့သို့ အမှုတွဲဖွင့်လှစ်ခြင်း၊

(ခ) လိုင်စင်ရဆားထုတ်လုပ်သူ ကိုယ်တိုင်ထံမှဖြစ်စေ သို့မဟုတ် လိုင်စင်ရဆားထုတ်လုပ်သူ၏ အခွင့်ရ ကိုယ်စားလှယ်ထံမှဖြစ်စေ ပေးဆောင်ရန်ကျန်ရှိသော လိုင်စင်ခကြွေးကျန်များ၊ ဒဏ်ကြေး

ငွေများအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ နို့တစ်စာရရှိသည့်နေ့မှ (၁၅)ရက်အတွင်း မပျက်မကွက်ပေးဆောင်စေရန် နို့တစ်စာထုတ်ပြန်ခြင်း၊

(ဂ) ထုတ်ပြန်လိုက်သော နို့တစ်စာကို လိုင်စင်ရဆားထုတ်လုပ်သူကိုယ်တိုင်ထံဖြစ်စေ၊လိုင်စင်ရ ဆားထုတ်လုပ်သူ၏ အခွင့်ရ ကိုယ်စားလှယ်ထံဖြစ်စေ၊ လက်ရောက်ချအပ်ခြင်း သို့မဟုတ် နည်းလမ်းတကျ အတည်ပြုခြင်း၊

(ဃ) နို့တစ်စာအတည်ဖြစ်ကြောင်း လိုင်စင်ရ ဆားထုတ်လုပ်သူကိုယ်တိုင် သို့မဟုတ် လိုင်စင်ရ ဆားထုတ်လုပ်သူ၏ အခွင့်ရကိုယ်စားလှယ်မှ နို့တစ်စာလက်ခံရရှိကြောင်း လက်မှတ်ရေးထိုးသည့် စာကို အမှုတွဲတွင် တွဲခြင်း၊

(င) လိုင်စင်ကြေးကျန်များ၊ ဒဏ်ကြေးငွေများထမ်းဆောင်ရမည့် လိုင်စင်ရဆားထုတ်လုပ်သူ သို့မဟုတ် လိုင်စင်ရဆားထုတ်လုပ်သူ၏ အခွင့်ရကိုယ်စားလှယ်ထံမှ မည်သည့်အတွက် လိုင်စင်ခကြေးကျန်များ၊ ဒဏ်ကြေးငွေများအား ထမ်းဆောင်နိုင်ခြင်း မရှိကြောင်း ဖြေရှင်းချက်ရယူပြီး အမှုတွဲတွင် တွဲထားခြင်း၊

(စ) လိုင်စင်ခကြေးကျန်များ၊ ဒဏ်ကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သဖြင့် ယင်းသို့ ပျက်ကွက်သော လိုင်စင်ရ ဆားထုတ်လုပ်သူပိုင် ရွှေ့ပြောင်းနိုင်သော ပစ္စည်း သို့မဟုတ် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို ဝရမ်းကပ်သိမ်းဆည်းရမည်။ ဝရမ်းကပ်သိမ်းဆည်းရမည့် ပစ္စည်းသည် လိုင်စင်ခကြေးကျန်များ၊ ဒဏ်ကြေးငွေများ ပေးဆောင်ရန် ကျန်ရှိသည့် ငွေပမာဏနှင့် ယင်းပစ္စည်းများကို ထိန်းသိမ်းထားရ၍ လည်းကောင်း၊ ရွှေ့ပြောင်းသယ်ယူထားရ၍ လည်းကောင်း၊ ကုန်ကျသည့် ကုန်ကျစရိတ်နှစ်ရပ်ပေါင်းကို ကာမိရုံမျှသောက်ကိုသာ ဝရမ်းကပ်သိမ်းဆည်းရမည်၊

(ဆ) ဝရမ်းကပ်သိမ်းဆည်းပြီးနောက် (၁၅)ရက်ကျော်သည့်တိုင်အောင် ယင်းသို့ ပျက်ကွက်သော လိုင်စင်ရဆားထုတ်လုပ်သူက လိုင်စင်ခကြေးကျန်များ၊ ဒဏ်ကြေးငွေများ၏ ပမာဏနှင့် ကုန်ကျစရိတ်များကို ပေးဆောင်ခြင်းမရှိလျှင် ဆားလုပ်ငန်းဦးစီးဌာနမှူးသည် ဝရမ်းကပ်သိမ်းဆည်းထားသော ပစ္စည်းများကို လေလံတင်ရောင်း ချရမည်၊

(ဇ) လေလံတင်ရောင်းချရာ၌ ယင်းသို့ ပျက်ကွက်သော လိုင်စင်ရ ဆားထုတ်လုပ်သူ နေထိုင်ရာ နေရာ သို့မဟုတ် ဝရမ်းကပ်သိမ်းဆည်းထားသော ပစ္စည်းများတည်ရှိရာနေရာတွင် လေလံတင်ရောင်းချပွဲကို အများသိစေရန် (၂၄)နာရီ ကြော်ငြာပြီးမှ ရောင်းချမည်၊

(ဈ) လေလံတင်ရောင်းချရငွေသည် လိုင်စင်ခကြေးကျန်များ၊ ဒဏ်ကြေးငွေများပမာဏနှင့် ကုန်ကျစရိတ်နှစ်ရပ်ပေါင်းထက် ကျော်လွန်နေပါက ပိုလျှံငွေကို ယင်းသို့ ပျက်ကွက်သော လိုင်စင်ရ ဆားထုတ်လုပ်သူအား ပြန်လည်ပေးအပ်ရမည်။

(ည) အကယ်၍ လေလံတင်ရောင်းချစဉ် လိုင်စင်ခကြေးကျန်များ၊ ဒဏ်ကြေးငွေများ ပမာဏနှင့် ကုန်ကျ စရိတ်များကို ယင်းသို့ ပျက်ကွက်သော လိုင်စင်ရဆားထုတ်လုပ်သူက ပေးဆောင်ပါမူ လေလံတင်ရောင်းချမှုများကိုရပ်ဆိုင်း၍ ဝရမ်းကပ်သိမ်းဆည်းသော ပစ္စည်းများကို ပြန်ပေးရမည်။

၃၈။ ကော်မတီသည် လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရန် အတွက် အစိုးရအဖွဲ့ထံ တင်ပြနိုင်သည်။

၃၉။ မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေပါ အောက်ပါ ဌာနအမည်များအား သက်ဆိုင်ရာ ဝန်ကြီးဌာနများက အမည်ပြောင်းလဲခဲ့ပြီးဖြစ်သည့်အတိုင်း ဤနည်းဥပဒေတွင် အစားထိုးပြောင်းလဲဖော်ပြထားပါသည်။

| **မူလအမည်** | **အစားထိုးပြောင်းလဲသည့်အမည်** |
| --- | --- |
| ပြည်နယ်ကျန်းမာရေးဦးစီးဌာန | ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ |
| ပြည်နယ်မြေစာရင်းဦးစီးဌာန | ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန |
| မြို့နယ်မြေစာရင်းဦးစီးဌာန | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန |
| ပြည်နယ်ဆားလုပ်ငန်းဦးစီးဌာန | သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ၊ပြည်နယ်ဆားလုပ်ငန်းရုံး။ |

အမိန့်အရ

(ပုံ) ဝင်းမော်ဦး
ဝန်ကြီး
သစ်တောနှင့်သတ္တုဝန်ကြီးဌာန
မွန်ပြည်နယ်အစိုးရအဖွဲ့

ပုံစံ(၁)

သို့

ပြည်နယ်ဆားလုပ်ငန်းကော်မတီ
မှတစ်ဆင့်
ပြည်နယ်ဦးစီးဌာနမှူး
သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ
မွန်ပြည်နယ်ဆားလုပ်ငန်းရုံး၊ မော်လမြိုင်မြို့

ရက်စွဲ။ ၂၀၁   ခုနှစ်၊   လ   ရက်

**အကြောင်းအရာ။ ဆားထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ဆားထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုပေးပါရန် အောက်ပါ အချက်အလက်များ ဖော်ပြပြီး လျှောက်ထားအပ်ပါသည်-

(က) အမည် ------------------------------------------------

(ခ) အဖွဲ့အစည်းအမည် ------------------------------------------------

(ဂ) လုပ်ငန်းပိုင်ဆိုင်မှုအမျိုးအစား (တစ်ဦးတည်း/ အစုစပ်/ကုမ္ပဏီပိုင်) ------------------------

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသား မှတ်ပုံတင်အမှတ် ------------------------

(င) မွေးသက္ကရာဇ် ------------------------------------------------

(စ) အဖအမည် ------------------------------------------------

(ဆ) လူမျိုး/ဘာသာ ------------------------------------------------

(ဇ) နေရပ်လိပ်စာ ------------------------------------------------

(ဈ) ထုတ်လုပ်လိုသည့် ဆားအမျိုးအစား ------------------------------------

(ည) ထုတ်လုပ်သည့် နည်းစနစ် ------------------------------------

(ဋ) (၂၀၁ - ၂၀၁ ) ဆားရာသီတွင် ထုတ်လုပ်မည့် ပမာဏ (------------) ပိဿာ (------------) တန်

(ဌ) ထုတ်လုပ်မည့် ဧရိယာ (၁) လှန်းကွင်း ------------------------------ ဧက

(၂) ကြဲးကွင်း ------------------------------ ဧက

(၃) စုစုပေါင်း ------------------------------ ဧက

(ဏ) ထုတ်လုပ်မည့်နေရာ (၁) ------------------------------------

(၂) ------------------------------------

(တ) ကွင်းဟောင်း သို့မဟုတ် ကွင်းသစ်၊ ကွင်းအမှတ် ------------------------------------

(ထ) သိုလှောင်ရုံအရေအတွက်နှင့် သိုလှောင်နိုင်သည့် ပမာဏ (   )လုံး ------------------ မ/တန်

(ဒ) ယခင်နှစ်ထုတ်လုပ်ခဲ့သည့် ပမာဏ ------------------ ------------------ ပိဿာ/တန်

(ဓ) စတင်ထုတ်လုပ်ခဲ့သည့်နှစ်၊ ယခင်နှစ်၏ လိုင်စင်အမှတ် ------------------------------------

(န) လုပ်သားအင်အား (၁) ကြီးကြပ်သူ ------------------------------ ဦး

(၂) ဆားရည်ကိုင် ------------------------------ ဦး

(၃) ကွင်းလုပ်သား ------------------------------ ဦး

(၄) အခြားလုပ်သား ------------------------------ ဦး

(ပ) တစ်ဧကထွက်နိုင်မည့်ပမာဏ (ခန့်မှန်း) ------------------------------ ပိဿာ/တန်

(ဖ) တစ်ပိဿာ/တစ်တန်ထုတ်လုပ်မှုကုန်ကျစရိတ် (ခန့်မှန်း) ------------------ ကျပ် ------------ ပြား

(ဗ) လိုင်စင်လျှောက်ထားလိုသည့်ကာလ ------------------ မှ ------------------ ထိ

၂။ လျှောက်လွှာပါ ဆားထုတ်လုပ်မည့်မြေအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြပါသည်။

၃။ ဆားထုတ်လုပ်မည့် မြေ၏ ကွင်းမြေပုံကို ပူးတွဲတင်ပြပါသည်။

၄။ ထုတ်လုပ်မည့် မြေနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း သို့မဟုတ် လုပ်ကိုင်ခွင့်ရှိကြောင်း အထောက်အထားကို ပူးတွဲတင်ပြပါသည်။

၅။ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ရက်လွန်ဒဏ်ကြေးများကို သတ်မှတ်ကာလအတွင်း ပေးသွင်းမည့် ဝန်ခံချက်အား ပူးတွဲတင်ပြပါသည်။

၆။ လိုင်စင်လျှောက်ထားသည့်နေ့တွင် ဆားလက်ကျန်အရေအတွက် ------------------ပိဿာ/တန် ရှိပါသည်။

၇။ မွန်ပြည်နယ်ဆားလုပ်ငန်းရုံးက ဆားထုတ်လုပ်ခွင့်လိုင်စင်ထုတ်ပေးပါက လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် ------------------------------------------------

လျှောက်ထားသူအမည်------------------------------------

ပုံစံ(၂)

သို့

ပြည်နယ်ဆားလုပ်ငန်းကော်မတီ

မှတစ်ဆင့်

ပြည်နယ်ဦးစီးဌာနမှူး

သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ

မွန်ပြည်နယ်ဆားလုပ်ငန်းရုံး၊ မော်လမြိုင်မြို့

ရက်စွဲ။ ၂၀၁ ခုနှစ်၊ လ ရက်

**အကြောင်းအရာ။ ဆားနှင့်စားပွဲတင်ဆားကြိတ်ခွဲထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ဆားနှင့်စားပွဲတင်ဆားကြိတ်ခွဲထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုပေးပါရန် အောက်ပါ အချက်အလက်များ ဖော်ပြပြီး လျှောက်ထားအပ်ပါသည်-

(က) အမည် ------------------------------------------------

(ခ) အဖွဲ့အစည်းအမည် ------------------------------------------------

(ဂ) လုပ်ငန်းပိုင်ဆိုင်မှုအမျိုးအစား (တစ်ဦးတည်း/ အစုစပ်/ကုမ္ပဏီပိုင်) ------------------------------

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသား မှတ်ပုံတင်အမှတ် ------------------------------

(င) မွေးသက္ကရာဇ် ------------------------------------------------

(စ) အဖအမည် ------------------------------------------------

(ဆ) လူမျိုး/ဘာသာ ------------------------------------------------

(ဇ) နေရပ်လိပ်စာ ------------------------------------------------

(ဈ) ထုတ်လုပ်သည့် နည်းစနစ် ------------------------------------------------

(ည) ထုတ်လုပ်လိုသည့် ဆားနှင့်စားပွဲတင်ဆားအမျိုးအစား ------------------------------

(ဋ) (၂၀၁ - ၂၀၁ )ခုနှစ်တွင် (၁) ------------------------------ ပိဿာ/တန်

ထုတ်လုပ်သည့် ပမာဏ (၂) ------------------------------ ပိဿာ/တန်

(ဌ) ယခင်နှစ် လိုင်စင်အမှတ် ------------------------------------------------

(ဍ) ထုတ်လုပ်မည့်နေရာ ------------------------------------------------

(ဎ) ယခင်နှစ်ထုတ်လုပ်ခဲ့သည့်ပမာဏ ------------------------------------------------

(ဏ) စတင်ထုတ်လုပ်ခဲ့သည့်ခုနှစ် ------------------------------------------------

(တ) တစ်ပိဿာ/တစ်တန် ထုတ်လုပ်မှုကုန်ကျစရိတ် ------------------------------

(ထ) ယခင်နှစ် အသုံးပြုခဲ့သည့် $KIO_3$ ------------------------------ ပိဿာ/ ကီလို

(ဒ) ယခုနှစ် အသုံးပြုမည့် $KIO_3$ ------------------------------ ပိဿာ/ ကီလို

(ဓ) လိုင်စင်လျှောက်ထားလိုသည့်ကာလ ------------------ မှ ------------------ ထိ

၂။ လျှောက်လွှာပါ ဆားနှင့်စားပွဲတင်ဆားကြိတ်ခွဲထုတ်လုပ်မည့် လုပ်ငန်းအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြအပ်ပါသည်။

၃။ ဆားနှင့်စားပွဲတင်ဆားကြိတ်ခွဲထုတ်လုပ်ခွင့်ပြုထားသည့် မြေ/နေရာ၏ မြေပုံကို ပူးတွဲတင်ပြပါသည်။

၄။ ထုတ်လုပ်မည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း သို့မဟုတ် လုပ်ကိုင်ခွင့်ရှိကြောင်း အထောက်အထားကို ပူးတွဲတင်ပြပါသည်။

၅။ လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ရက်လွန်ဒဏ်ကြေးများကို သတ်မှတ်ကာလအတွင်း ပေးသွင်းမည့် ဝန်ခံချက်အား ပူးတွဲတင်ပြပါသည်။

၆။ လိုင်စင်လျှောက်ထားသည့်နေ့တွင် လက်ကျန်ဆားနှင့်စားပွဲတင်ဆားအရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ---------------------------------------------------------------------------------------------ပိဿာ/တန်

(ခ) ---------------------------------------------------------------------------------------------ပိဿာ/တန်

၇။ မွန်ပြည်နယ်ဆားလုပ်ငန်းရုံးက ဆားနှင့်စားပွဲတင်ဆားကြိတ်ခွဲထုတ်လုပ်ခွင့်လိုင်စင်ထုတ်ပေးပါက လိုင်စင်ပါစည်းကမ်းချက်များ ကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် -----------------------------------------------

လျှောက်ထားသူအမည်------------------------------------

ပုံစံ(၃)

သို့

ပြည်နယ်ဆားလုပ်ငန်းကော်မတီ
မှတစ်ဆင့်
ပြည်နယ်ဦးစီးဌာနမှူး
သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ
မွန်ပြည်နယ်ဆားလုပ်ငန်းရုံး၊ မော်လမြိုင်မြို့

ရက်စွဲ။ ၂၀၁ ခုနှစ်၊ လ ရက်

**အကြောင်းအရာ။ အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုပေးပါရန် အောက်ပါ အချက်အလက်များ ဖော်ပြပြီး လျှောက်ထားအပ်ပါသည်-

(က) အမည် ---

(ခ) အဖွဲ့အစည်းအမည် ---

(ဂ) လုပ်ငန်းပိုင်ဆိုင်မှုအမျိုးအစား (တစ်ဦးတည်း/ အစုစပ်/ကုမ္ပဏီပိုင်) ---

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသား မှတ်ပုံတင်အမှတ် ---

(င) မွေးသက္ကရာဇ် ---

(စ) အဖအမည် ---

(ဆ) လူမျိုး/ဘာသာ ---

(ဇ) နေရပ်လိပ်စာ ---

(ဈ) ထုတ်လုပ်မည့် နည်းစနစ် ---

(ည) ထုတ်လုပ်လိုသည့် အိုင်အိုဒင်းအမျိုးအစား ---

(ဋ) (၂၀၁ -၂၀၁ )ခုနှစ်တွင် (၁) --- ပိဿာ/တန်
ထုတ်လုပ်သည့် ပမာဏ (၂) --- ပိဿာ/တန်

(ဌ) ယခင်နှစ် လိုင်စင်အမှတ် ---

(ဍ) ထုတ်လုပ်မည့်နေရာ ---

(ဎ) ယခင်နှစ် အသုံးပြုခဲ့သည့် $KIO_3$ --- ပိဿာ/ ကီလို

(ဏ) ယခင်နှစ် ထုတ်လုပ်ခဲ့သည့် ပမာဏ ---

(တ) စတင်ထုတ်လုပ်ခဲ့သည့်ခုနှစ် ---

(ထ) တစ်ပိဿာ/တစ်တန် ထုတ်လုပ်မှုကုန်ကျစရိတ် ---

(ဒ) ယခုနှစ် အသုံးပြုမည့် $KIO_3$ --- ပိဿာ/ ကီလို

(ဓ) လိုင်စင်လျှောက်ထားလိုသည့်ကာလ --- မှ --- ထိ

၂။ လျှောက်လွှာပါ အိုင်အိုဒင်းဆားထုတ်လုပ်မည့် လုပ်ငန်းအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြအပ်ပါသည်။

၃။ အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်ပြုထားသည့် မြေ/နေရာ၏ မြေပုံကို ပူးတွဲတင်ပြပါသည်။

၄။ ထုတ်လုပ်မည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း သို့မဟုတ် လုပ်ကိုင်ခွင့်ရှိကြောင်း အထောက်အထားကို ပူးတွဲတင်ပြပါသည်။

၅။ ရက်လွန်ကြေး၊ ဒဏ်ကြေး၊ လိုင်စင်ခများကို သတ်မှတ်ကာလအတွင်း ပေးသွင်းမည့် ဝန်ခံချက်အား ပူးတွဲတင်ပြပါသည်။

၆။ လိုင်စင်လျှောက်ထားသည့်နေ့တွင် လက်ကျန် အိုင်အိုဒင်းဆားအရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) -------------------------------------------------------------------------------------------------ပိဿာ/တန်

(ခ) -------------------------------------------------------------------------------------------------ပိဿာ/တန်

၇။ မွန်ပြည်နယ်ဆားလုပ်ငန်းရုံးက အိုင်အိုဒင်းဆားထုတ်လုပ်ခွင့် လိုင်စင်ထုတ်ပေးပါက လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် ----------------------------------------------

လျှောက်ထားသူအမည်--------------------------------

ပုံစံ(၄)

သို့

ပြည်နယ်ဆားလုပ်ငန်းကော်မတီ

မှတစ်ဆင့်

ပြည်နယ်ဦးစီးဌာနမှူး

သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ

မွန်ပြည်နယ်ဆားလုပ်ငန်းရုံး၊ မော်လမြိုင်မြို့

ရက်စွဲ။ ၂၀၁  ခုနှစ်၊  လ  ရက်

**အကြောင်းအရာ။ ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင်လျှောက်ထားခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုပေးပါရန် အောက်ပါ အချက်အလက်များ ဖော်ပြပြီး လျှောက်ထားအပ်ပါသည်-

(က) အမည် ----------------------------------------

(ခ) အဖွဲ့အစည်းအမည် ----------------------------------------

(ဂ) လုပ်ငန်းပိုင်ဆိုင်မှုအမျိုးအစား (တစ်ဦးတည်း/ အစုစပ်/ကုမ္ပဏီပိုင်) ----------------------------------------

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသား မှတ်ပုံတင်အမှတ် ----------------------------------------

(င) အသက်---------------------- (စ) မွေးသက္ကရာဇ် ----------------------

(စ) အဖအမည် ----------------------------------------

(ဆ) လူမျိုး/ကိုးကွယ်သည့်ဘာသာ ----------------------------------------

(ဇ) နေရပ်လိပ်စာ ----------------------------------------

(ဈ) ထုတ်လုပ်လိုသည့် ဆားထွက်ပစ္စည်းအမျိုးအစား (က)----------------------

(ခ) ----------------------

(ဂ) ----------------------

(ည) (၂၀၁  - ၂၀၁  )ခုနှစ်တွင် (က) ---------------------- ပိဿာ/တန်

ထုတ်လုပ်သည့် ပမာဏ (ခ) ---------------------- ပိဿာ/တန်

(ဂ) ---------------------- ပိဿာ/တန်

(ဋ) ထုတ်လုပ်မည့်နေရာ ----------------------------------------

(ဌ) ထုတ်လုပ်မည့် ဧရိယာ ---------------------------------------- ဧက

(ဍ) အသုံးပြုမည့် ကုန်ကြမ်း (၁) **<u>အမျိုးအစား</u>** (၂) **<u>အရေအတွက်</u>**

(ကက) ---------------------- (ကက) ----------------------

(ခခ) ---------------------- (ခ ခ ) ----------------------

(ဂဂ) ---------------------- ( ဂ ဂ ) ----------------------

(ဎ) အသုံးပြုမည့်လုပ်ငန်းသုံးပစ္စည်းများ

| အကြောင်းအရာ | အရွယ်အစား | အရေအတွက် |
|---|---|---|
| ၁။---------------------- | ၁။---------------------- | ၁။---------------------- |
| ၂။---------------------- | ၂။---------------------- | ၂။---------------------- |
| ၃။---------------------- | ၃။---------------------- | ၃။---------------------- |
| ၄။---------------------- | ၄။---------------------- | ၄။---------------------- |
| ၅။---------------------- | ၅။---------------------- | ၅။---------------------- |

(ဏ) သိုလှောင်ရုံအရေအတွက်၊ အရွယ်အစား ------------------------------------------------

(တ) သိုလှောင်နိုင်သည့် ပမာဏ ------------------------------------------------

(ထ) စတင်ထုတ်လုပ်ခဲ့သည့်နှစ်၊ ယခင်နှစ်၊ လိုင်စင်အမှတ် ------------------------------------

(ဒ) ယခင်နှစ်ထုတ်လုပ်ခဲ့သည့် ပမာဏ ------------------------------------ ပိဿာ/တန်

(ဓ) လုပ်သားအင်အား (၁) ကြီးကြပ်သူ ------------------------------------ ဦး

(၂) ကျွမ်းကျင်လုပ်သား ------------------------------------ ဦး

(၃) သာမန်လုပ်သား ------------------------------------ ဦး

(၄) အခြား ------------------------------------ ဦး

(န) တစ်လထွက်နှုန်း ------------------------------------------------ ပိဿာ/တန်

(ပ) တစ်ပိဿာ/တစ်တန်ထုတ်လုပ်မှုကုန်ကျစရိတ် (ခန့်မှန်း) -------------------- ကျပ် ---------- ပြား

(ဖ) လိုင်စင်လျှောက်ထားလိုသည့်ကာလ ------------------------ မှ ------------------------ ထိ

၂။ လျှောက်လွှာပါ ဆားထွက်ပစ္စည်းထုတ်လုပ်မည့် မြေအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြပါသည်။

၃။ ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်ပြုထားသည့် မြေ/နေရာ၏ မြေပုံကို ပူးတွဲတင်ပြပါသည်။

၄။ ထုတ်လုပ်မည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်ကြောင်း သို့မဟုတ် လုပ်ကိုင်ခွင့်ရှိကြောင်း အထောက်အထားကို ပူးတွဲတင်ပြပါသည်။

၅။ ရက်လွန်ကြေး၊ ဒဏ်ကြေး၊ လိုင်စင်ခများကို သတ်မှတ်ကာလအတွင်း ပေးသွင်းမည့် ဝန်ခံချက်အား ပူးတွဲတင်ပြပါသည်။

၆။ လိုင်စင်လျှောက်ထားသည့်နေ့တွင် မိမိလုပ်ငန်းရှိ ဆားထွက်ပစ္စည်းလက်ကျန် အရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| **ဆားထွက်ပစ္စည်းအမျိုးအစား** | **အရေအတွက်** |
|---|---|
| (က) ------------------------------ | ------------------------------ ပိဿာ/တန် |
| (ခ) ------------------------------ | ------------------------------ ပိဿာ/တန် |

၇။ မွန်ပြည်နယ်ဆားလုပ်ငန်းရုံးက ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့် လိုင်စင်ထုတ်ပေးပါက လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ် ------------------------------------

လျှောက်ထားသူအမည် ------------------------------

ပုံစံ(၅)

**မွန်ပြည်နယ်အစိုးရအဖွဲ့**
**သစ်တောနှင့်သတ္တုဝန်ကြီးဌာန**
**သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ**
**မွန်ပြည်နယ်ဆားလုပ်ငန်းရုံး**
**ဆားထုတ်လုပ်ခွင့်လိုင်စင်**
**နည်းဥပဒေ ၁၀(က)**

လိုင်စင်အမှတ် ------------------------------
ရက် စွဲ ------------------------------

၁။ သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ မွန်ပြည်နယ်ဆားလုပ်ငန်းရုံးသည် မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်း နည်းဥပဒေ ၁၀(က)အရ အောက်အမည်ပါ လုပ်ငန်းရှင်အား ဆားထုတ်လုပ်ခွင့်လိုင်စင်ကို ထုတ်ပေးလိုက်သည်-

(က) အမည် ------------------------------
(ခ) အသက် ------------------------------
(ဂ) အဖအမည် ------------------------------
(ဃ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်------------------------------
(င) နေရပ်လိပ်စာ ------------------------------
(စ) ထုတ်လုပ်ခွင့်ပြုသည့် ဆားအမျိုးအစား ------------------------------
(ဆ) ထုတ်လုပ်ခွင့်ပြုသည့်ဒေသ ------------------------------
(ဇ) ထုတ်လုပ်ခွင့်ပြုသည့်နေရာ ------------------------------

၂။ လိုင်စင်ရရှိသူသည် မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ၊ မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်း နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

( )ခုနှစ် ဆားရာသီအတွက် ( )ရက်နေ့မှ ( )ရက်နေ့ကာလအထိ ( )ဧကအား ဆားထုတ်လုပ်ခွင့်ပြုသည်။

ပြည်နယ်ဦးစီးဌာနမှူး

( )ခုနှစ် ဆားရာသီအတွက် ( )ရက်နေ့မှ ( )ရက်နေ့ကာလအထိ ( )ဧကအား ဆားထုတ်လုပ်ခွင့်ပြုသည်။

ပြည်နယ်ဦးစီးဌာနမှူး

( )ခုနှစ် ဆားရာသီအတွက် ( )ရက်နေ့မှ ( )ရက်နေ့ကာလအထိ ( )ဧကအား ဆားထုတ်လုပ်ခွင့်ပြုသည်။

ပြည်နယ်ဦးစီးဌာနမှူး

( )ခုနှစ် ဆားရာသီအတွက် ( )ရက်နေ့မှ ( )ရက်နေ့ကာလအထိ ( )ဧကအား ဆားထုတ်လုပ်ခွင့်ပြုသည်။

ပြည်နယ်ဦးစီးဌာနမှူး

## လိုင်စင်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

၁။ ဤလိုင်စင်ကို မိမိလုပ်ငန်းတည်ရှိရာနေရာတွင် မြင်သာစွာထားရှိပြီး သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ စစ်ဆေးသည့်အခါ ပြသရမည်။

၂။ မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေအရ၊ မွန်ပြည်နယ်ဆားလုပ်ငန်းရုံးက သတ်မှတ်ထားသော အခွန်အခနှင့် ရက်လွန်ဒဏ်ကြေးများကို ပေးဆောင်ရမည်။

၃။ ထုတ်လုပ်သော ဆားနှင့်စပ်လျဉ်းသည့်စာရင်းများ ထားရှိရမည်။

၄။ မိမိလုပ်ငန်းမှ အမှန်တကယ်ထုတ်လုပ်သည့် ဆား၏ ပမာဏစာရင်းကို ဆားရာသီနှစ်ကုန်ဆုံး၍ လုပ်ငန်း ပြီးစီးပါက နောက်ရက်သတ္တပတ်အတွင်း ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် မွန်ပြည်နယ်ဆားလုပ်ငန်း ရုံးသို့ တင်ပြရမည်။

၅။ အရည်အသွေးမီ ဆားကောင်းဆားသန့်များကိုသာ ထုတ်လုပ်ရမည်။

၆။ ထုတ်လုပ်သော ဆားများ၏ အရည်အသွေးကို လိုအပ်၍ ဓါတ်ခွဲစစ်ဆေးပါက ကျသင့်သော ဓါတ်ခွဲခကို မွန်ပြည်နယ်ဆားလုပ်ငန်းရုံးသို့ ပေးသွင်းရမည်။

၇။ ဤလိုင်စင်ခကို မသက်ဆိုင်သူအား လွှဲအပ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းမပြုရ။

၈။ မွန်ပြည်နယ်ဆားလုပ်ငန်းရုံး၏ ခွင့်ပြုချက်မရှိဘဲ ဆားထုတ်လုပ်ခွင့်ကို လွှဲပြောင်းခြင်းမပြုရ။

ပုံစံ(၆)

**မွန်ပြည်နယ်အစိုးရအဖွဲ့**
**သစ်တောနှင့်သတ္တုဝန်ကြီးဌာန**
**သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ**
**မွန်ပြည်နယ်ဆားလုပ်ငန်းရုံး**
**ဆားနှင့်စားပွဲတင်ဆားကြိတ်ခွဲထုတ်လုပ်ခွင့်လိုင်စင်**
**နည်းဥပဒေ ၁၈(ခ)**

လိုင်စင်အမှတ် ------------------------------
ရက် စွဲ ------------------------------

၁။ သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ မွန်ပြည်နယ်ဆားလုပ်ငန်းရုံးသည် မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်း နည်းဥပဒေ ၁၈(ခ)အရ အောက်အမည်ပါ လုပ်ငန်းရှင်အား ဆားနှင့်စားပွဲတင်ဆားကြိတ်ခွဲထုတ်လုပ်ခွင့်လိုင်စင်ကို ထုတ်ပေးလိုက်သည်-

(က) အမည် ------------------------------
(ခ) အသက် ------------------------------
(ဂ) အဖအမည် ------------------------------
(ဃ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်------------------------------
(င) နေရပ်လိပ်စာ ------------------------------
(စ) ထုတ်လုပ်ခွင့်ပြုသည့် ဆားအမျိုးအစား ------------------------------
(ဆ) ထုတ်လုပ်ခွင့်ပြုသည့်ဒေသ ------------------------------
(ဇ) ထုတ်လုပ်ခွင့်ပြုသည့်နေရာ ------------------------------

၂။ လိုင်စင်ရရှိသူသည် မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ၊ မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်း နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

( )ရက်နေ့မှ ( )ရက်နေ့ကာလအထိ ဆားထွက်ပစ္စည်း ( )တန်အား ထုတ်လုပ်ခွင့်ပြုသည်။

ပြည်နယ်ဦးစီးဌာနမှူး

( )ရက်နေ့မှ ( )ရက်နေ့ကာလအထိ ဆားထွက်ပစ္စည်း ( )တန်အား ထုတ်လုပ်ခွင့်ပြုသည်။

ပြည်နယ်ဦးစီးဌာနမှူး

( )ရက်နေ့မှ ( )ရက်နေ့ကာလအထိ ဆားထွက်ပစ္စည်း ( )တန်အား ထုတ်လုပ်ခွင့်ပြုသည်။

ပြည်နယ်ဦးစီးဌာနမှူး

## လိုင်စင်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

၁။ ဤလိုင်စင်ကို မိမိလုပ်ငန်းတည်ရှိရာနေရာတွင် မြင်သာစွာထားရှိပြီး သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ စစ်ဆေးသည့်အခါ ပြသရမည်။

၂။ မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေအရ၊ မွန်ပြည်နယ်ဆားလုပ်ငန်းရုံးက သတ်မှတ်ထားသော အခွန်အခနှင့် ရက်လွန်ဒဏ်ကြေးများကို ပေးဆောင်ရမည်။

၃။ ထုတ်လုပ်သော ဆားနှင့်စားပွဲတင်ဆားများ၊ အသုံးပြုသည့် ဆားကြမ်းများနှင့် စပ်လျဉ်းသည့် စာရင်းများ ထားရှိရမည်။

၄။ မိမိလုပ်ငန်းမှ အမှန်တကယ်ထုတ်လုပ်သည့် ဆားနှင့်စားပွဲတင်ဆား၏ ပမာဏကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ရက်သတ္တပတ်အတွင်း ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် မွန်ပြည်နယ် ဆားလုပ်ငန်းရုံးသို့ တင်ပြရမည်။

၅။ အရည်အသွေးမီ ဆားနှင့်စားပွဲတင်ဆားများကိုသာ ထုတ်လုပ်ရမည်။

၆။ ထုတ်လုပ်သော ဆားနှင့်စားပွဲတင်ဆားများ၏ အရည်အသွေးကို လိုအပ်၍ ဓါတ်ခွဲစစ်ဆေးပါက ကျသင့်သော ဓါတ်ခွဲခကို မွန်ပြည်နယ်ဆားလုပ်ငန်းရုံးသို့ ပေးသွင်းရမည်။

၇။ ဤလိုင်စင်ခကို မသက်ဆိုင်သူအား လွှဲအပ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းမပြုရ။

၈။ မွန်ပြည်နယ်ဆားလုပ်ငန်းရုံး၏ ခွင့်ပြုချက်မရှိဘဲ ဆားနှင့်စားပွဲတင်ဆားထုတ်လုပ်ခွင့်ကို လွှဲပြောင်းခြင်း မပြုရ။

ပုံစံ(၇)

**မွန်ပြည်နယ်အစိုးရအဖွဲ့**
**သစ်တောနှင့်သတ္တုဝန်ကြီးဌာန**
**သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ**
**မွန်ပြည်နယ်ဆားလုပ်ငန်းရုံး**
**အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်လိုင်စင်**
**နည်းဥပဒေ ၁၀(ဂ)**

လိုင်စင်အမှတ် ------------------------------

ရက် စွဲ ------------------------------

၁။ သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ မွန်ပြည်နယ်ဆားလုပ်ငန်းရုံးသည် မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်း နည်းဥပဒေ ၁၀(ဂ)အရ အောက်အမည်ပါ လုပ်ငန်းရှင်အား အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်လိုင်စင်ကို ထုတ်ပေးလိုက်သည်-

(က) အမည် ------------------------------

(ခ) အသက် ------------------------------

(ဂ) အဖအမည် ------------------------------

(ဃ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်------------------------------

(င) နေရပ်လိပ်စာ ------------------------------

(စ) ထုတ်လုပ်ခွင့်ပြုသည့် ဆားအမျိုးအစား ------------------------------

(ဆ) ထုတ်လုပ်ခွင့်ပြုသည့်ဒေသ ------------------------------

(ဇ) ထုတ်လုပ်ခွင့်ပြုသည့်နေရာ ------------------------------

၂။ လိုင်စင်ရရှိသူသည် မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ၊ မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်း နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

( )ရက်နေ့မှ ( )ရက်နေ့ကာလအထိ အိုင်အိုဒင်းဆား ( )တန်အား ထုတ်လုပ်ခွင့်ပြုသည်။

ပြည်နယ်ဦးစီးဌာနမှူး

( )ရက်နေ့မှ ( )ရက်နေ့ကာလအထိ အိုင်အိုဒင်းဆား ( )တန်အား ထုတ်လုပ်ခွင့်ပြုသည်။

ပြည်နယ်ဦးစီးဌာနမှူး

( )ရက်နေ့မှ ( )ရက်နေ့ကာလအထိ အိုင်အိုဒင်းဆား ( )တန်အား ထုတ်လုပ်ခွင့်ပြုသည်။

ပြည်နယ်ဦးစီးဌာနမှူး

## လိုင်စင်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

၁။ ဤလိုင်စင်ကို မိမိလုပ်ငန်းတည်ရှိရာနေရာတွင် မြင်သာစွာထားရှိပြီး သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ စစ်ဆေးသည့်အခါ ပြသရမည်။

၂။ မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေအရ၊ မွန်ပြည်နယ်ဆားလုပ်ငန်းရုံးက သတ်မှတ်ထားသော အခွန်အခနှင့် ရက်လွန်ဒဏ်ကြေးများကို ပေးဆောင်ရမည်။

၃။ ထုတ်လုပ်သော အိုင်အိုဒင်းဆားများနှင့် စပ်လျဉ်းသည့် စာရင်းများ ထားရှိရမည်။

၄။ မိမိလုပ်ငန်းမှ အမှန်တကယ်ထုတ်လုပ်သည့် အိုင်အိုဒင်းဆား၏ ပမာဏစာရင်းကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ရက်သတ္တပတ်အတွင်း ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် မွန်ပြည်နယ် ဆားလုပ်ငန်းရုံးသို့ တင်ပြရမည်။

၅။ အရည်အသွေးမီ အိုင်အိုဒင်းဆားကိုသာ ထုတ်လုပ်ရမည်။

၆။ ထုတ်လုပ်သော အိုင်အိုဒင်းဆား၏ အရည်အသွေးကို လိုအပ်၍ ဓါတ်ခွဲစစ်ဆေးပါက ကျသင့်သော ဓါတ်ခွဲခကို မွန်ပြည်နယ်ဆားလုပ်ငန်းရုံးသို့ ပေးသွင်းရမည်။

၇။ ဤလိုင်စင်ခကို မသက်ဆိုင်သူအား လွှဲအပ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းမပြုရ။

၈။ မွန်ပြည်နယ်ဆားလုပ်ငန်းရုံး၏ ခွင့်ပြုချက်မရှိဘဲ အိုင်အိုဒင်းဆားထုတ်လုပ်ခွင့်ကို လွှဲပြောင်းခြင်း မပြုရ။

ပုံစံ(၈)

**မွန်ပြည်နယ်အစိုးရအဖွဲ့**
**သစ်တောနှင့်သတ္တုဝန်ကြီးဌာန**
**သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ**
**မွန်ပြည်နယ်ဆားလုပ်ငန်းရုံး**
**ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင်**
**နည်းဥပဒေ ၁၀(ဃ)**

လိုင်စင်အမှတ် ---------------------------------------
ရက် စွဲ ---------------------------------------

၁။ သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ မွန်ပြည်နယ်ဆားလုပ်ငန်းရုံးသည် မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်း နည်းဥပဒေ ၁၀(ဃ)အရ အောက်အမည်ပါ လုပ်ငန်းရှင်အား ဆားထွက်ပစ္စည်းထုတ်လုပ်ခွင့်လိုင်စင်ကို ထုတ်ပေးလိုက်သည်-

(က) အမည် ---------------------------------------
(ခ) အသက် ---------------------------------------
(ဂ) အဖအမည် ---------------------------------------
(ဃ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်---------------------------------------
(င) နေရပ်လိပ်စာ ---------------------------------------
(စ) ထုတ်လုပ်ခွင့်ပြုသည့် ဆားအမျိုးအစား ---------------------------------------
(ဆ) ထုတ်လုပ်ခွင့်ပြုသည့်ဒေသ ---------------------------------------
(ဇ) ထုတ်လုပ်ခွင့်ပြုသည့်နေရာ ---------------------------------------

၂။ လိုင်စင်ရရှိသူသည် မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ၊ မွန်ပြည်နယ်ဆားနှင့်ဆားထွက်ပစ္စည်း နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

( )ရက်နေ့မှ ( )ရက်နေ့ကာလအထိ ဆားထွက်ပစ္စည်း ( )တန်အား ထုတ်လုပ်ခွင့်ပြုသည်။

ပြည်နယ်ဦးစီးဌာနမှူး

( )ရက်နေ့မှ ( )ရက်နေ့ကာလအထိ ဆားထွက်ပစ္စည်း ( )တန်အား ထုတ်လုပ်ခွင့်ပြုသည်။

ပြည်နယ်ဦးစီးဌာနမှူး

( )ရက်နေ့မှ ( )ရက်နေ့ကာလအထိ ဆားထွက်ပစ္စည်း ( )တန်အား ထုတ်လုပ်ခွင့်ပြုသည်။

ပြည်နယ်ဦးစီးဌာနမှူး

## လိုင်စင်ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

၁။ ဤလိုင်စင်ကို မိမိလုပ်ငန်းတည်ရှိရာနေရာတွင် မြင်သာစွာထားရှိပြီး သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ စစ်ဆေးသည့်အခါ ပြသရမည်။

၂။ မွန်ပြည်နယ်ဆေးနှင့်ဆေးထွက်ပစ္စည်းဥပဒေအရ၊ မွန်ပြည်နယ်ဆေးလုပ်ငန်းရုံးက သတ်မှတ်ထားသော အခွန်အခနှင့် ရက်လွန်ဒဏ်ကြေးများကို ပေးဆောင်ရမည်။

၃။ ထုတ်လုပ်သော ဆေးထွက်ပစ္စည်းများနှင့် စပ်လျဉ်းသည့် စာရင်းများ ထားရှိရမည်။

၄။ မိမိလုပ်ငန်းမှ အမှန်တကယ်ထုတ်လုပ်သည့် ဆေးထွက်ပစ္စည်း၏ ပမာဏစာရင်းကို ဘဏ္ဍာရေးနှစ်ကုန်ဆုံး၍ လုပ်ငန်းပြီးစီးပြီးနောက် ရက်သတ္တပတ်အတွင်း ကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် မွန်ပြည်နယ် ဆေးလုပ်ငန်းရုံးသို့ တင်ပြရမည်။

၅။ အရည်အသွေးမီ ဆေးထွက်ပစ္စည်းများကိုသာ ထုတ်လုပ်ရမည်။

၆။ ထုတ်လုပ်သော ဆေးထွက်ပစ္စည်းများ၏ အရည်အသွေးကို လိုအပ်၍ ဓါတ်ခွဲစစ်ဆေးပါက ကျသင့်သော ဓါတ်ခွဲခကို မွန်ပြည်နယ်ဆေးလုပ်ငန်းရုံးသို့ ပေးသွင်းရမည်။

၇။ ဤလိုင်စင်ခကို မသက်ဆိုင်သူအား လွှဲအပ်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းမပြုရ။

၈။ မွန်ပြည်နယ်ဆေးလုပ်ငန်းရုံး၏ ခွင့်ပြုချက်မရှိဘဲ ဆေးထွက်ပစ္စည်းထုတ်လုပ်ခွင့်ကို လွှဲပြောင်းခြင်း မပြုရ။

သို့

ပြည်နယ်ဆားလုပ်ငန်းကော်မတီ

မှတစ်ဆင့်

ပြည်နယ်ဦးစီးဌာနမှူး

သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ

မွန်ပြည်နယ်ဆားလုပ်ငန်းရုံး၊ မော်လမြိုင်မြို့

ရက်စွဲ။ ၂၀၁ ခုနှစ်၊ လ ရက်

**အကြောင်းအရာ။ လိုင်စင်ခသက်သာခွင့်/ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် စပ်လျဉ်း၍ လိုင်စင်ရရှိသူ ကျွန်တော်/ကျွန်မ၏ ဆားလုပ်ငန်းသည် သဘာဝဘေးအန္တရာယ်ကြောင့် လုပ်ငန်းပျက်စီးဆုံးရှုံးမှုကြုံတွေ့ရပါသဖြင့် ပေးဆောင်ရန်ကျန်ရှိသော လိုင်စင်ခများအား သက်သာခွင့်/ကင်းလွတ်ခွင့်ပြုပါရန် အောက်ဖော်ပြပါအတိုင်း လျှောက်ထားအပ်ပါသည်-

(က) အမည် ------------------------------------------------

(ခ) အဖွဲ့အစည်းအမည် ------------------------------------------------

(ဂ) လုပ်ငန်းပိုင်ဆိုင်မှုအမျိုးအစား (တစ်ဦးတည်း/ အစုစပ်/ကုမ္ပဏီပိုင်) ------------------------------------------------

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသား မှတ်ပုံတင်အမှတ် ------------------------------------------------

(င) မွေးသက္ကရာဇ် ------------------------------------------------

(စ) အဘအမည် ------------------------------------------------

(ဆ) လူမျိုး/ဘာသာ ------------------------------------------------

(ဇ) နေရပ်လိပ်စာ ------------------------------------------------

(ဈ) ထုတ်လုပ်ခဲ့သည့် ဧရိယာ

(၁) ------------------------------------------------ ခုနှစ်တွင် ------------------------------------------------ ဧက

(၂) ------------------------------------------------ ခုနှစ်တွင် ------------------------------------------------ ဧက

(၃) ------------------------------------------------ ခုနှစ်တွင် ------------------------------------------------ ဧက

(ည) ကွင်းဟောင်း သို့မဟုတ် ကွင်းသစ်၊ ကွင်းအမှတ် ------------------------------------------------

(ဋ) ယခင်နှစ်ထုတ်လုပ်ခဲ့သည့် ပမာဏ ------------------------------------------------

(ဌ) စတင်ထုတ်လုပ်ခဲ့သည့်နှစ်၊ ယခင်နှစ်၊ လိုင်စင်အမှတ် ------------------------------------------------

၂။ ပေးဆောင်ရမည့်လိုင်စင်ခများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ခုနှစ် | လုပ်ဧက | တစ်ဧကပေးဆောင်ရမည့်နှုန်း | ပေးဆောင်ရန်ဆားပိဿာ |
|---|---|---|---|---|
| (က) | ------------ | ------------ | ------------------------ | ------------------------ |
| (ခ) | ------------ | ------------ | ------------------------ | ------------------------ |
| (ဂ) | ------------ | ------------ | ------------------------ | ------------------------ |

**စုစုပေါင်း** ------------------------------------------------

၃။ ကျွန်တော်/ကျွန်မ၏ ဆားထုတ်လုပ်ငန်းသည် သဘာဝဘေးအန္တရာယ်ကြောင့် အမှန်တကယ်ပျက်စီးဆုံးရှုံးမှုများရှိခဲ့ပါသဖြင့် ဖြစ်စဉ်ဓါတ်ပုံမှတ်တမ်းများ သက်သေခံချက်များ၊ သက်ဆိုင်ရာ မြို့နယ် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်များအား ပူးတွဲတင်ပြအပ်ပါသည်။

လက်မှတ် ---------------------------------------
လျှောက်ထားသူအမည် ---------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြား-------------------------------
နေရပ် ----------------------------------------------------
------------------------------------------------------------

ပုံစံ(၁၀)

သို့

ပြည်နယ်ဆားလုပ်ငန်းကော်မတီ

မှတစ်ဆင့်

ပြည်နယ်ဦးစီးဌာနမှူး

သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ

မွန်ပြည်နယ်ဆားလုပ်ငန်းရုံး၊ မော်လမြိုင်မြို့

ရက်စွဲ။ ၂၀၁ ခုနှစ်၊ လ ရက်

**အကြောင်းအရာ။ လုပ်ငန်းနားလိုကြောင်း တင်ပြလျှောက်ထားခြင်း**

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် စပ်လျဉ်း၍ လိုင်စင်ရရှိသူ ကျွန်တော်/ကျွန်မ၏ ဆားထုတ်လုပ်ငန်းသည် အခက်အခဲများရှိနေပါသဖြင့် လုပ်ငန်းရပ်နားထားလိုပါကြောင်း အောက်ပါအတိုင်း တင်ပြလျှောက်ထားအပ်ပါသည်-

(က) အမည် ------------------------------------------------------------

(ခ) အဖွဲ့အစည်းအမည် ------------------------------------------------------------

(ဂ) လုပ်ငန်းပိုင်ဆိုင်မှုအမျိုးအစား (တစ်ဦးတည်း/ အစုစပ်/ကုမ္ပဏီပိုင်) ------------------------

(ဃ) နိုင်ငံသား/အမျိုးသား/နိုင်ငံခြားသား မှတ်ပုံတင်အမှတ် ---------------------------------

(င) မွေးသက္ကရာဇ် ------------------------------------------------------------

(စ) အဘအမည် ------------------------------------------------------------

(ဆ) လူမျိုး/ဘာသာ ------------------------------------------------------------

(ဇ) နေရပ်လိပ်စာ ------------------------------------------------------------

(ဈ) ယခင်နှစ်လိုင်စင်အမှတ် ------------------------------------------------------

(ည) ထုတ်လုပ်ခဲ့သည့် ဧရိယာ/ထုတ်လုပ်ခဲ့သည့် ပမာဏ ---------------------------------

(ဋ) လုပ်ငန်းရပ်နားလိုသော အကြောင်းအရာ ------------------------------------------

၂။ သို့ဖြစ်ပါ၍ ကျွန်တော်/ကျွန်မ၏ ဆားထုတ်လုပ်ငန်းအား ( )ရက်နေ့မှ ( )ရက်နေ့အထိ ရပ်နားထားခွင့်ပြုပါရန် တင်ပြလျှောက်ထားအပ်ပါသည်။

လက်မှတ် ------------------------------

လျှောက်ထားသူအမည် --------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြား-----------------------

နေရပ် ------------------------------------

------------------------------------